ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

## ၇၃ နှစ်မြောက် ကရင်နီအမျိုးသားအာဇာနည်နေ့သို့ ပေးပို့သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပါတီဗဟိုဌာနချုပ်၏ သဝဏ်လွှာ

မိဘပြည်သူများ၊ ခေါင်းဆောင်များ၊ တပ်မှူးများနှင့် ရဲဘော်အပေါင်းတို့၊

ယနေ့သည် (၇၃) နှစ်မြောက် ကရင်နီအမျိုးသားအာဇာနည်နေ့ဖြစ်ပါသည်။ နယ်ချဲ့ ဖဆပလ အစိုးရ၏ကောက်ကျစ်ယုတ်မာမှုကြောင့် ကရင်နီအမျိုးသားအစည်းအရုံးဥက္ကဋ္ဌ၊ ခုခံတော်လှန်ရေး ခေါင်းဆောင် ဂိုဘီတူရီ ကျဆုံးခဲ့သော ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ကို အစွဲပြု၍ ကရင်နီအမျိုးသား အာဇာနည်နေ့ အဖြစ် နှစ်စဉ်ကျင်းပလာရာမှာ ယနေ့ဆိုလျှင် ၇၃ နှစ် တိုင်တိုင်ရှိပါပြီ။ ကာလအားဖြင့် ကြာရှည်ပါသော်လည်း အာဇာနည်အပေါင်းတို့ကို မိမိတို့ မမေ့နိုင်ပေ။

ယနေ့သည် နယ်ချဲ့ ဖဆပလ အစိုးရ၏ ကျူးကျော်တိုက်မှုကြောင့် ဆုံးရှုံးခဲ့ရသော ကရင်နီပြည်၏ သီးခြားလွတ်လပ်ရေးပြန်လည်ရရှိရေး ခုခံတွန်းလှန်ရေးတိုက်ပွဲမှ ယနေ့ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးတိုက်ပွဲကာလတလျှောက်လုံး အသက်၊ သွေးနှင့် ခန္ဓာအစိတ်အပိုင်းများ ပေးလှူခဲ့သည့် များစွာသော အာဇာနည်ခေါင်းဆောင်များနှင့် ရဲဘော်တို့ကို သတိရအောက်မေ့၊ ဂါရဝပြုသော နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပါသည်။ ယနေ့သည် ကရင်နီပြည်သူတစ်ရပ်လုံး ဖိနှိပ်မှုအောက်မှ လွတ်မြောက်ရေးအတွက် ခုခံတော်လှန်ရေးအဖွဲ့ဝင်များနှင့်အတူ ပေးဆပ်အနစ်နာခံခဲ့သော ပြည်သူအပေါင်းတို့ကို ဂုဏ်ပြုအသိအမှတ်ပြုသောနေ့လည်း ဖြစ်ပါသည်။

အာဇာနည်တို့ကို အောက်မေ့ရုံဖြင့် မိမိတို့ တာဝန်ကျေသည်ဟု ယူဆ၍မရပေ။ သွေးနှဲ့ရင်းပြီး တိုက်ယူရသည့် မွေးရာပါနိုင်ငံရေးအခွင့်အရေးများသည် မိမိတို့၏လက်ဝယ်တွင် မရောက်ရှိသေးသ၍ အာဇာနည်တို့၏အိမ်မက်ကို ဆက်လက်အကောင်အထည်ဖော်ရ ပါလိမ့်မည်။ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် မိမိတို့ကရင်နီလူထုတစ်ရပ်လုံးမှ အာဏာရှင်စနစ်ကို အမြစ်ပြတ်တိုက်ဖျက်နိုင်ရန်နှင့် ကရင်နီတို့၏နိုင်ငံရေးလိုအင်ဆန္ဒပြည့်ဝရေးအတွက် အထူးစည်းလုံးရန် လိုအပ်နေပါသည်။ ရေရှည်ဘုံအမျိုးသားရေးအကျိုးနှင့် ပြည်နယ်အကျိုးတို့ကိုမျှော်ကိုးပြီး မြဲမြံစွာလက်တွဲနိုင်မှသာလျှင် မိမိတို့၏ နိုင်ငံရေးမျှော်မှန်းချက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဆုံးရှုံးခဲ့သော ကရင်နီတို့၏လွတ်လပ်ရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် ပြန်လည်ရရှိရေးတိုက်ပွဲမှ စတင်ခဲ့သော ကရင်နီအမျိုးသားခုခံတော်လှန်ရေးသည် ကရင်နီတစ်မျိုးသားတည်း၏ ရပိုင်ခွင့်များအတွက်သာမဟုတ်ဘဲ ခေတ်အဆက်ဆက်တွင် ဘဝတူတိုင်းရင်းသားပေါင်းစုံနှင့်လက်တွဲပြီး အားလုံး

အတွက် ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိရေးကို ဦးတည်လျက် ဆင်နွှဲလာခဲ့သော ခုခံတော်လှန်ရေးဖြစ်သည်။ သို့ဖြစ်၍ လတ်တလောမြင်တွေ့နေရသည့် မြန်မာနိုင်ငံတဝှမ်းရှိ ပြည်သူတို့၏ နိုင်ငံရေးနှင့်တော်လှန်ရေး နိုးကြားမှုအသစ်တို့အပေါ်အခြေပြု၍ မြန်မာတစ်နိုင်ငံလုံး အာဏာရှင်စနစ်အောက်မှ လွတ်မြောက်နိုင်ရေးအတွက် အရှိန်တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ဖိနှိပ်မှုမှပေါက်ဖွားလာသော သွေးကွဲမှုသည် လွတ်မြောက်ရေးတိုက်ပွဲဝင်သူတို့အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သွေးစည်းညီညွတ်မှုသည် အပြောအားဖြင့် လွယ်သော်လည်း လက်တွေ့တွင် ခက်လှပါသည်။ သို့ရာတွင် လူသားမျိုးနွယ်တို့အားလုံး၏ လွတ်လပ်မှုနှင့်တန်းတူမှုစံတန်ဖိုးတို့အပေါ်အခြေခံပြီး မှန်ကန်သော နိုင်ငံရေးရပ်တည်ချက်ဖြင့် လျှောက်လှမ်းသောသူသည် ယင်းစိန်ခေါ်မှုကိုကျော်လွှားပြီး သွေးစည်းညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ တော်လှန်ရေး၏စမ်းသပ်မှုဒဏ်တို့ကို စုပေါင်းအင်အားဖြင့် ကြံ့ကြံ့ခံနိုင်ပြီး အောင်ပွဲနှင့်အတူ ဖိနှိပ်မှုမှ ရုန်းထွက်နိုင်လိမ့်မည်။

လွတ်မြောက်ရေးတော်လှန်ရေးခရီးတွင် မိမိတို့အားလုံး အနည်းနှင့်အများ ပေးဆပ်ရပါသော်လည်း အာဇာနည်တို့၏ပေးဆပ်မှုထက် ကြီးမားသောပေးဆပ်မှု မရှိပါ။ သို့ဖြစ်၍ သမိုင်းပေးတာဝန်အတွက် အကြီးမားဆုံးနှင့် အမွန်မြတ်ဆုံးသော အာဇာနည်တို့၏ ပေးဆပ်မှုများ အလဟဿ မဖြစ်စေရန် ကျန်ရစ်သူမိမိတို့မှ အလုပ်ဖြင့်သက်သေပြလျက် သမိုင်းပေးတာဝန်ကို ရောက်ရာနေ၊ ကျရာအခန်းကဏ္ဍမှ ဆက်လက်ထမ်းဆောင်ကြပါစို့။ ဤတော်လှန်ရေးခရီး မနီးသော်လည်း တစ်နေ့ ပန်းတိုင်ကိုရောက်ရှိပါလိမ့်မည်။ ထိုနေ့တွင် မိမိတို့အားလုံးသည် ကရင်နီတစ်မျိုးသားလုံး၏ မွေးရာပါအခွင့်အရေးများကို ရင်ဝယ်ပိုက်ပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအသစ်တစ်ခုတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် အေးအတူပူအမျှ ယှဉ်တွဲနေထိုင်လျက် အာဇာနည်အပေါင်းတို့၏ ဝိညာဉ်ကို ပီတိဖြာစေနိုင်မည်ဖြစ်ကြောင်း ယုံကြည်ချက်အပြည့်ဖြင့် ဤသဝဏ်လွှာကို ရေးသားပေးပို့လိုက်ပါသည်။

ပါတီဗဟိုဌာနချုပ်
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

ရက်စွဲ။ ။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်